*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာနိုင်ငံရွေးကောက်ပွဲများနှင့် မြန်မာအမျိုးသမီးလွှတ်တော်အမတ်များ

**မောင်စာဂ**



ယနေ့အချိန်အခါသည် မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒုတိယအကြိမ် လွှတ်တော် သက်တမ်းကာလဖြစ်သည်။ ယခုလက်ရှိ လွှတ်တော် သက်တမ်းကာလအတွင်း ဒုတိယအကြိမ်ကြားဖြတ်ရွေး ကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပတော့မည်။ ရွေးကောက်ပွဲကာလဖြစ်သည်နှင့် အညီ မြန်မာနိုင်ငံ၌ ဗြိတိသျှတို့ အုပ်စိုးစဉ်ကစတင်၍ လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း ယနေ့အချိန်ထိ လွှတ်တော်ရွေးကောက်ပွဲများ ဘယ်နှကြိမ် ကျင်းပပြီးစီး ခဲ့သလဲ လေ့လာမိသည်။ တစ်ဆက်တည်းပင် ယင်းရွေး ကောက်ပွဲများ၌ မြန်မာအမျိုးသမီးများ မည်မျှပါဝင် အရွေးခံရသလဲ လေ့လာမိသည်။

ယင်းသို့လေ့လာချက်များအရ မြန်မာနိုင်ငံတွင် ပြောင်းလဲလာသည့် ခေတ်ကာလအလိုက် ပြဋ္ဌာန်းသည့် ဥပဒေများအရ ကျင်းပခဲ့သောရွေးကောက်ပွဲများနှင့် မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အမတ်များ ပါဝင်ရွေးချယ်ခံခဲ့ရမှုများကို မှတ်တမ်းမှတ်ရာအဖြစ် မျှဝေပါရစေ။

## ကိုလိုနီခေတ် မြန်မာနိုင်ငံအုပ်ချုပ်ရေး

၁၈၂၄ ခုနှစ်တွင် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ် ပွားပြီးနောက် ရခိုင်နှင့် တနင်္သာရီကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် ဒုတိယအင်္ဂလိပ် မြန်မာစစ်ပွဲဖြစ်ပွားပြီးနောက် အောက်မြန်မာနိုင်ငံသည် ဗြိတိသျှတို့၏ ကိုလိုနီဖြစ်ခဲ့ရသည်။ ဗြိတိသျှတို့သည် ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ် ကျူးကျော်စစ်ဆင်နွှဲ၍ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် မြန်မာနိုင်ငံအား အိန္ဒိယ အင်ပါယာဝင်ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။

ထို့နောက် ၁၈၈၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ မြန်မာ မင်းလွှတ်တော်ကို ဗြိတိသျှတို့က ဖျက်သိမ်းလိုက်သည်။ ထိုစဉ်က လွှတ်တော်တွင် ဝန်ကြီး၊ အတွင်းဝန်၊ အသည် ဝန်၊ -မြို့ဝန်၊ ဝန်ထောက် အစရှိသည့် လွှတ်တော်အရာရှိ ကြီး ၂၀ ခန့်နှင့် သံတော်ဆင့်၊ သံတော်ခံ၊ စာရေးကြီး၊ အမိန့်တော်ရေး၊ အမှာရေးမှစ၍ လက်အောက်အမှု ထမ်း ၁၅၀ ကျော်တို့ အမှုထမ်းလျက်ရှိသည်။ ထိုအချိန် မှစပြီး ရှေးမြန်မာမင်းများလက်ထက် မြန်မာသက္ကရာဇ် ၅၇၃ ခုနှစ်ခန့်ကစ၍ ထင်ထင်ရှားရှား ပေါ်ပေါက်လာခဲ့ သော မြန်မာမင်းများလွှတ်တော်သည် ပျက်သုဉ်းသွားခဲ့ သည်။

ကိုလိုနီခေတ်အစဦး၌ အထက်အောက်မြန်မာနိုင်ငံ တစ်ခုလုံးကို ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ မဟာ ဝန်ရှင်တော်မင်းကြီး ခန့်ထားအုပ်ချုပ်သည်။ ၁၈၉၇ ခုနှစ်တွင် ဒုတိယဘုရင်ခံအုပ်ချုပ်သည့် ပြည်နယ်အဆင့် တိုးမြှင့်ခဲ့သည်။ အဖွဲ့ဝင် ကိုးဦးပါ ဥပဒေပြုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၀၉ ခုနှစ်တွင် မော်လီမင်တို အုပ်ချုပ်ရေးပြုပြင်မှုအရ ဥပဒေပြုအဖွဲ့ဝင်ဦးရေကို ၁၅ ဦးအထိ တိုးမြှင့်ခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် ဥပဒေပြု အဖွဲ့ဝင်ဦးရေကို ၃၀ အထိတိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။ ဥပဒေပြုအဖွဲ့တွင် ဒုတိယဘုရင်ခံက သူတစ်ဦးတည်း၏ သဘောဆန္ဒနှင့် ခန့်ထားသောလူကြီး ၁၅ ဦးရှိသည်။ ထို့ပြင် အင်္ဂလိပ်ကုန်သည်ကြီးအသင်းနှင့် ရန်ကုန်ရောင်း ဝယ်ရေးအဖွဲ့ခေါ် ဥရောပတိုက်သားအဖွဲ့မှ ကိုယ်စား လှယ်နှစ်ဦးကိုလည်း ရွေးချယ်ခန့်ထားခဲ့ပြီး အိုင်စီအက် ပဋိညာဉ်အရာထမ်းရာထူး လက်ရှိရှိသူများကိုလည်း အမတ်အဖြစ်ဖြင့် ခန့်ထားခဲ့သည်။ ထိုစဉ်အခါက အိန္ဒိယ ဗဟိုအစိုးရသို့ မြန်မာပြည်မှ ကိုယ်စားလှယ်တစ်ဦးသာ လျှင် တက်ရောက်ခွင့်ရသည်။

## ဒိုင်အာခီအုပ်ချုပ်ရေးပေးခြင်း

၁၉၁၉ ခုနှစ် အိန္ဒိယနိုင်ငံ စီရင်အုပ်ချုပ်မှုအက်ဥပဒေ အရ ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံ သည် အခြားသောအိန္ဒိယပြည်နယ်များကဲ့သို့ပင် ဒိုင်အာခီ အုပ်ချုပ်ရေးကို ရရှိခဲ့သည်။ သို့ရာတွင် ရှမ်း၊ ကချင်၊ ချင်းတို့ကို ချန်လှပ်ထားခဲ့သည်။ ယင်းဒေသများကို မဖွံ့ ဖြိုးသေးသော ဒေသအဖြစ် ကြေညာခဲ့သည်။ ဒိုင်အာခီ အုပ်ချုပ်ရေးသည် ၁၉၃၇ ခုနှစ် ဧပြီလအထိဖြစ်သည်။

ဒိုင်အာခီအုပ်ချုပ်ရေးမှာ ဗြိတိသျှနှင့် မြန်မာ နှစ်ဦး နှစ်ဖက် ပူးတွဲတာဝန်ခံအုပ်ချုပ်ရေးပင် ဖြစ်သည်။ သို့သော် အုပ်ချုပ်ရေးအာဏာပြောပလောက်အောင် မပေးခဲ့ပါ။ ဘုရင်ခံနှင့်တကွ ဗျူရိုကရက်အရာရှိတို့သာ တန်ခိုးအာဏာများစွာရရှိသော အုပ်ချုပ်ရေးပုံစံဖြစ် သည်။ ထို့အပြင် ဘုရင်ခံတွင် ဗီတို (Veto) အာဏာရှိပြီး ဘုရင်ခံမကြိုက်သည့် အုပ်ချုပ်ရေးကိစ္စကို ပယ်ချနိုင် သည်။ ဘုရင်ခံ၏ဆန္ဒအရသာ အုပ်ချုပ်နိုင်သည့် အုပ်ချုပ်ရေးဖြစ်သည်။ မြန်မာတို့သည် ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ ရရှိလိုသည်။ ဒိုင်အာခီအုပ် ချုပ်ရေးသည် မြန်မာပြည်သူတို့ လိုလားသည့် ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို မပေးလိုသောကြောင့် အချိန်ဆွဲ သည့်အနေဖြင့်ပေးသော အုပ်ချုပ်ရေးသက်သက်သာ ဖြစ်သည်။

## ရွေးကောက်ပွဲ စတင်ကျင်းပခြင်း

ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အရ ၁၉၂၂ ခုနှစ်တွင် ပထမဆုံးအကြိမ် လွှတ်တော်ရွေးကောက်ပွဲ ကျင်းပ သည်။ နိုင်ငံအုပ်ချုပ်ရေးရာများ၌ မြန်မာပြည်သူများ၏ ဆန္ဒကို ပထမဆုံးပါဝင်ဖော်ထုတ်ခွင့် ရခြင်းဖြစ်သည်။ သို့သော် မြန်မာတို့လိုလားသည့် အုပ်ချုပ်ရေးမဟုတ် သည့်အတွက်ကြောင့် ပြည်သူတို့၏ ဆန္ဒမဲပေးမှု ၁၀ ရာခိုင်နှုန်းပင်မကျော်ခဲ့ပါ။

၎င်းအုပ်ချုပ်ရေးစနစ်အရ ပြည်သူ့ကိုယ်စားလှယ် များကို ရွေးချယ်ရာ၌ မြန်မာတိုင်းရင်းသား ၅၈ ဦး၊ ကရင်အမျိုးသားငါးဦး၊ အိန္ဒိယတိုင်းရင်းသားရှစ်ဦး၊ ဥရောပကုန်သည်ကြီးအသင်း နှစ်ဦးတို့နှင့် အင်္ဂလိပ် ကပြား၊ ဥရောပတိုက်သား၊ တက္ကသိုလ်ကျောင်းသား၊ မြန်မာကုန်သည်ကြီး၊ တရုတ်ကုန်သည်ကြီး၊ ဥရောပ တိုက်သား ရန်ကုန်ရောင်းဝယ်ရေးအဖွဲ့၊ အိန္ဒိယကုန်သည် ကြီးတို့မှ တစ်ဦးစီ စုစုပေါင်းကိုယ်စားလှယ် ၈၀ ကို ရွေးချယ်ရန်ပြဋ္ဌာန်းခဲ့သည်။

ထိုသို့ရွေးချယ်ခြင်းကို လူမျိုးအလိုက်၊ အသင်းအဖွဲ့ အလိုက် ရွေးကောက်တင်မြှောက်ရသည်။ ထို့ပြင် ဘုရင်ခံ နှစ်သက်သူ ၂၁ ဦးကို ထပ်မံခန့်အပ်သည်။ ထို့ပြင် ဘုရင်ခံ သဘောတူသူ အစိုးရဝန်ထမ်း အဆင့်မြင့်အရာရှိ နှစ်ဦး ကိုလည်း ထပ်မံခန့်သည်။ ထိုနှစ်ဦးအား ပြည်ထဲရေးဌာန ဝန်ကြီးတစ်ဦး၊ ဘဏ္ဍာရေးဌာနဝန်ကြီးတစ်ဦးအဖြစ် တာဝန်ပေးအပ်သည်။ ဤသို့ဖြင့် ဒိုင်အာခီအုပ်ချုပ်ရေး ပုံစံအရ လွှတ်တော်တွင် ပြည်သူက ရွေးကောက်တင် မြှောက်သူ ၈၀၊ ဘုရင်ခံခန့် ၂၃ (၂၁+၂) ဦး စုစုပေါင်း အမတ် ၁၀၃ ဦးရှိသည်။

ဤအုပ်ချုပ်ရေးပုံစံအရ ဘုရင်ခံသည် မိမိတစ်ဦး တည်း၏သဘောအတိုင်း လွှတ်တော်နှင့်တကွ အမတ် ကြီးများ၏ ဆုံးဖြတ်ချက်များကို ဆန့်ကျင်၍ လုပ်ပိုင်ခွင့်ရှိ သည်။

## ရွေးကောက်ပွဲများနှင့် ဆန္ဒမဲပေးခြင်း

ဒိုင်အာခီစနစ်အရ ရွေးကောက်ပွဲများကို ၁၉၂၂၊ ၁၉၂၅၊ ၁၉၂၈ နှင့် ၁၉၃၂ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။ ဆန္ဒမဲပေးနိုင်သူ နှစ်သန်းခန့်ရှိသည်။ သို့သော် ဒိုင်အာခီ စနစ်ကို စက်ဆုပ်သဖြင့် အဆိုပါရွေးကောက်ပွဲများကို မြန်မာတို့ သပိတ်မှောက်ခဲ့ကြသည်။ ပထမရွေးကောက်ပွဲ တွင် ၁၀ ရာခိုင်နှုန်း၊ ဒုတိယရွေးကောက်ပွဲတွင် ၁၃ ရာခိုင်နှုန်းနှင့် တတိယရွေးကောက်ပွဲတွင် ၂၄ ရာခိုင်နှုန်း သာလျှင် မဲပေးခဲ့ကြ၏။ ထို့နောက် မြန်မာနိုင်ငံကို အိန္ဒိယနှင့် ခွဲရေးတွဲရေး ပေါ်ပေါက်လာသောအခါ ၁၉၃၂ ခုနှစ် ရွေးကောက်ပွဲတွင် ၄၇ ရာခိုင်နှုန်းခန့် မဲပေးခဲ့ကြသည်။

## ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်ပေါက်လာခြင်း

၁၉၃၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံစီရင်အုပ်ချုပ်မှုအက် ဥပဒေ (The Government of India Act, 1935) ကို ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံအတွက်လည်း ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုအက်ဥပဒေ (The Government of Myanmar Act, 1935) ကို ပြဋ္ဌာန်း ခဲ့သည်။ ယင်းအက်ဥပဒေအရ မြန်မာပြည်ကို အိန္ဒိယ မှ ခွဲထုတ်ခဲ့သည်။ မြန်မာပြည်အတွက် ဘုရင်ခံကို ဗြိတိသျှ တို့က ခန့်ထားသည်။ ဘုရင်ခံသည် အာဏာအရှိဆုံးဖြစ် သည်။ အစိုးရအောက်မှာ ၉၈ ဌာနရှိသည်။ ယင်း ၉၈ ဌာနထဲက ခုနစ်ဌာနကို ဘုရင်ခံက သူ၏လက်အောက် တွင်ထားသည်။ ပြည်သူ့ကိုယ်စားလှယ်များလက်ထဲကို ၉၁ ဌာနသာပေးသောကြောင့် ၉၁ ဌာနအုပ်ချုပ်ရေးဟု ခေါ်သည်။

အုပ်ချုပ်ရေးစနစ်အသစ်တွင် လွှတ်တော်နှစ်ရပ် ရှိရာ အထက်လွှတ်တော်တွင် အမတ် ၆၃ ဦး ရှိသည်။ အောက်လွှတ်တော်တွင် ၁၃၂ ဦးရှိသည်။ အထက်လွှတ် တော်အမတ်များကို အောက်လွှတ်တော်အမတ်များက ထက်ဝက်ရွေးချယ်တင်မြှောက်ရသည်။ ကျန်တစ်ဝက်ကို ဘုရင်ခံက ခန့်ရသည်။

အောက်လွှတ်တော်အမတ်များကို ရွေးချယ်ရာ၌ မြန်မာတိုင်းရင်းသား ၉၁ ဦး၊ ကရင်အမျိုးသား ၁၂ ဦး၊ အိန္ဒိယတိုင်ရင်းသား ရှစ်ဦး၊ ဥရောပကုန်သည်ကြီး အသင်း ငါးဦး၊ ဥရောပတိုက်သား သုံးဦး၊ အင်္ဂလိပ်ကပြား နှစ်ဦး၊ အိန္ဒိယကုန်သည်ကြီး နှစ်ဦး၊ အိန္ဒိယအလုပ်သမား နှစ်ဦး၊ မြန်မာအလုပ်သမား နှစ်ဦးတို့နှင့် တက္ကသိုလ် ကျောင်းသား၊ မြန်မာကုန်သည်ကြီး၊ တရုတ်ကုန်သည် ကြီး၊ ဥရောပတိုက်သား ရန်ကုန်ရောင်းဝယ်ရေးအဖွဲ့၊ ချစ်တီးယားအသင်းတို့မှ တစ်ဦးစီ စုစုပေါင်းကိုယ်စား လှယ် ၁၃၂ ဦးကို ရွေးချယ်ရန်ပြဋ္ဌာန်းခဲ့သည်။

## အရွေးခံရသောပါတီများနှင့် အမတ်နေရာများ

၁၉၃၅ ခုနှစ် အက်ဥပဒေအရ ၁၉၃၆ ခုနှစ် နိုဝင်ဘာတွင် ရွေးကောက်ပွဲကျင်းပရာ ငါးပွင့်ဆိုင်ပါတီ က အမတ် ၄၅ နေရာ၊ ဒေါက်တာဘမော်အဖွဲ့က အမတ် ၁၆ နေရာ၊ ဦးချစ်လှိုင်အဖွဲ့က အမတ် ၁၂ နေရာ၊ ဒို့ဗမာ အစည်းအရုံးသခင်အဖွဲ့က အမတ်သုံးနေရာ၊ ဖေဘီယန် အဖွဲ့က အမတ်တစ်နေရာ၊ တစ်သီးပုဂ္ဂလအမတ် ၁၇ နေရာ အရွေးခံခဲ့ကြရသည်။

## ဂျပန်ခေတ်အုပ်ချုပ်ရေး (၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ)

၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံကို ဂျပန်များသိမ်းပိုက် လိုက်သည့်အခါ ဂျပန်အာဏာပိုင်တို့သည် မြန်မာပြည် ဗဟိုအစိုးရကို ဖွဲ့စည်းပေးခဲ့သည်။ ယခင်ဗြိတိသျှတို့ တည်ထောင်ခဲ့သော ဥပဒေပြုလွှတ်တော်မရှိတော့ဘဲ ဥပဒေပြုအာဏာကို ဂျပန်တပ်မတော်စစ်သေနာပတိ ချုပ်ကိုင်သည်။ ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဒေါက်တာဘမော်ကို အဓိပတိတင်မြှောက်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်တွင် မြန်မာနိုင်ငံတော် ၏ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းစည်းမျဉ်းဥပဒေပုဒ်မ ၁ တွင် မြန်မာနိုင်ငံတော် သည် လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာနှင့်ပြည့်စုံ သောနိုင်ငံဖြစ်ရမည်ဟု ပါရှိသည်။ ပုဒ်မ ၂ တွင် ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို အစိုးရတွင်ရှိရမည်ဟု ပါရှိသည်။

ဖော်ပြပါစည်းမျဉ်းဥပဒေက မည်သို့မည်ပုံ အုပ်ချုပ် ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း လက်တွေ့တွင်မူ ဂျပန်စစ်အာဏာပိုင်တို့၏ သဘောအတိုင်းသာ မြန်မာ အစိုးရက လုပ်ဆောင်ပေးရခြင်းဖြစ်ကြောင်း တွေ့ရ သည်။

## တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပခြင်း

၁၉၄၅ ခုနှစ်တွင် ဗြိတိသျှများ မြန်မာနိုင်ငံကို ပြန်လည် သိမ်းပိုက်ပြီးနောက် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ် ချုပ်မှုဥပဒေအရ တည်ရှိခဲ့သည့် လွှတ်တော်နှစ်ရပ် အတွက် အမတ်များကို ရွေးချယ်တင်မြှောက်ခြင်း မပြု တော့ပါ။ ဥပဒေပြုကောင်စီကို ဘုရင်ခံ၏ အမိန့်ဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထိုအချိန်တွင် မြန်မာ့လွတ် လပ်ရေးလှုပ်ရှားမှုများ ပြင်းထန်လာခဲ့သည်။ ထိုအခါ ဗြိတိသျှအစိုးရက မြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန် သို့ခေါ်ယူဆွေးနွေးကာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်အရ ၁၉၄၇ ခုနှစ် ဧပြီ ၉ ရက်တွင် တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။

## ရွေးကောက်တင်မြှောက်ခံရသည့် မြန်မာအမျိုးသမီးအမတ်များ

တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် နယ်ခြား ဒေသများမှ အမတ် ၄၄ ဦးအပါအဝင် စုစုပေါင်း ၂၅၄ ဦး ရွေးကောက်တင်မြှောက်ခံရသည်။ ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသည့် အမတ်များထဲတွင် အမျိုးသမီးအမတ်များအဖြစ် ဒေါ်လှရှင်၊ ဒေါ်စောရွှေနှင့် ဒေါ်ခင်လှတို့ သုံးဦးပါဝင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်သည် ရန်ကုန်မြို့မ (လမ်းမတော်) မဲဆန္ဒနယ်မှလည်းကောင်း၊ ဦးရာဇတ်၏ ဇနီးဒေါ်ခင်ခင်သည် မန္တလေးမြို့မအရှေ့ပိုင်း မဲဆန္ဒ နယ်မှလည်းကောင်း၊ ဦးဘချို၏သမီးဖြစ်သူ ဒေါ်ခင်နု သည် ဟံသာဝတီကျေးလက်မြောက်ပိုင်း မဲဆန္ဒနယ်မှ လည်းကောင်း၊ သခင်မြ၏ဇနီး ဒေါ်ခင်ညွန့်သည် သာယာဝတီကျေးလက်တောင်ပိုင်း မဲဆန္ဒနယ်မှ လည်းကောင်း ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

၁၉၄၇ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် တိုင်းပြည်ပြု လွှတ်တော်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့မိသားစု နိုင်ငံများအလယ် ဝင့်ထည်စွာပေါ်ထွန်းလာခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမို ကရေစီခေတ် လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ အကြောင်း များကို ဆက်လက်မျှဝေပါဦးမည်။ ။